# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 15/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

**<u>စစ်ကိုင်းတိုင်း</u>**

- မတ်(၁၅)ရက်နေ့၊နေ့လယ်(၃)နာရီခန့်က ခင်ဦးမြို့နယ်၊ ခင်ဦးမြို့မှ စကစတပ်သား၊ရဲများနှင့်ဒေသခံကာကွယ်ရေးတပ်ဖွဲ့တို့ တမုတ်ကျေးရွာအနီးတွင် ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ စကစတပ်သားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံကာကွယ်ရေးတပ်သား(၂)ဦးဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။
- မတ်(၁၅)ရက်နေ့က တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာတွင် ကာကွယ်ဆေးထိုးပေးနေသော စကစလက်အောက်ခံ ရဲများ၊စစ်သားများနှင့်ပြည်သူ့ကာကွယ်ရေးအဖွဲ့(တောင်သာ)တို့ ထိတွေ့မှုဖြစ်ပွားခဲ့ရာ ရဲ(၂)ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး(၁)ဦးမှာ သေဆုံးနိုင်ကာ ရဲဆိုင်ကယ်တစ်စီး ပျက်စီးခဲ့သည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

**<u>ကရင်နီ(ကယား)ပြည်နယ်</u>**

မတ်(၁၄)ရက်နေ့က လွိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာသို့ စားစရာမရှိသဖြင့် ရိက္ခာပြန်ယူသော စစ်ဘေးရှောင် ဒေသခံဦးဆန်းဝင်းကို စကစများက အကြမ်းဖက်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

**<u>စစ်ကိုင်းတိုင်း</u>**

- မတ်(၁၅)ရက်နေ့ညနေ(၄)နာရီခန့်က ခင်ဦးမြို့နယ်၊ တမုတ်ကျေးရွာရှိ ပြည်သူပိုင်နေအိမ်များကို စကစတပ်သားက မီးရှို့ဖျက်ဆီးခဲ့သည်။
- မတ်(၁၅)ရက်နေ့မနက်(၈:၄၅)နာရီခန့်က ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာရှိ ပြည်သူပိုင်နေအိမ်(၇၀)လုံးနှင့်နတ်မြောင်းကျေးရွာရှိ ပြည်သူပိုင်နေအိမ်(၃)လုံးကို စကစတပ်သားအင်အား(၁၂၀)ခန့်က မီးရှို့ခဲ့သည့်အပြင် စစ်ဘေးရှောင်များရှိသည့်နေရာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။
- မတ်(၁၅)ရက်နေ့ည(၈:၃၀)နာရီခန့်က ပုလဲမြို့နယ်၊ ဘန့်ဘွေးကျေးရွာသို့လာသည့် စကစတပ်သားများက လက်ပံကျေးရွာမှ အပြစ်မဲ့လူငယ်များကို လက်ပြန်ကြိုးတုတ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

*<u>မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ပေါ်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။</u>*